၁။ သူတစ်ပါးမတိုက်တွန်းဘဲ ဉာဏ်နှင့်ယှဉ်၍ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားအား ပန်းလှူသည့် ကျောင်းသူ၏ ကုသိုလ်စိတ်ကိုဖော်ပြ၍၊ ၎င်းစိတ်၌ ယှဉ်နိုင်သည့် စေတသိက်များကို ရေတွက်ပြပါ။

ဖြေ။ ။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်ပါသည်။

- အညသမာန်းစေတသိက် ၁၃ ပါး၊ သောဘဏသာဓာရဏစေတသိက် ၂၅ ပါး ပေါင်း ၃၈ ပါး၌ယှဉ်ပါသည်။

၂။ သူတစ်ပါးမတိုက်တွန်းဘဲ အပြစ်မရှိဟုထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာ စာမေးပွဲခိုးဖြေသည့် ကျောင်းသား၏ သန္တာန်၌ဖြစ်သောစိတ်ကို ဖော်ပြ၍ ယင်းစိတ်နှင့်အတူဖြစ်ခွင့်ရှိသော စေတသိက်တို့ကို လည်း ပြည့်စုံစွာဖော်ပြပါ။

ဖြေ။ ။ သောမနဿသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် အသင်္ခါရိကစိတ်ဖြစ်ပါသည်။

- အညသမာန်းစေတသိက် ၁၃ ပါး၊ မောစတုက် ၄ ပါး (မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ) လောဘ၊ ဒိဋ္ဌိ ပေါင်း ၁၉ ပါးနှင့်အတူတကွဖြစ်ပါသည်။

၃။ မြတ်စွာဘုရားသခင် ပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် စိတ်ကို ဖော်ပြ၍၊ ထိုစိတ်၌ ယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ ။ ဟသိတုပ္ပါဒ်စိတ်ဖြစ်ပါသည်။

- ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂ ပါးဖြစ်ပါသည်။

၄။ စားဝတ်နေရေး ပြည့်စုံ၍ ချမ်းသာသူကို တွေ့မြင်သောအခါ ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်၏၊ ထိုမုဒိ တာနှင့်အတူ စေတသိက်ပေါင်း မည်မျှဖြစ်သနည်း။ ရေတွက်ပြပါ။

ဖြေ။ ။ အညသမာန်းစေတသိက် ၁၃ ပါး၊ အပ္ပမညာ ၂ ပါးကြဉ် သောဘဏသာဓာရဏစေတသိက် ၂၃ ပါး ပေါင်း ၃၆ ပါးဖြစ်ပါသည်။

၅။ လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကိုပြောဆိုရာ၌ မည်သည့်စေတသိက်ဖြစ်ပါသနည်း၊ ယင်းနှင့် ယှဉ်ဘက်စိတ်တို့ကို ဖော်ပြပါ။

ဖြေ။ ။ သမ္မာအာဇီဝစေတသိက် ဖြစ်ပါသည်။

- မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါးပေါင်း ၁၆ ပါးဖြစ်ပါသည်။

၆။ ဤမေးခွန်းသဘောကို အလေးမမူ ဉာဏ်မကူဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုနေသော စာဖြေ သူ၏ သန္တာန်၌ အဘယ်စိတ်၊ စေတသိက်များ ဖြစ်ပေါ်နေပါသနည်း၊ ရှင်းလင်းရေးသားခဲ့ပါ။
ဖြေ။ ။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ်ဖြစ်ပေါ်ပြီး၊ ယင်းစိတ်နှင့်တကွ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး၊ ဉာဏ်ကြဉ်သော သောဘဏစေတသိက် ၂၄ ပါး ပေါင်း ၃၆ ပါးတို့ဖြစ်ပေါ်နိုင်ပါသည်။

၇။ သန်းထီပေါက်သူတစ်ယောက်အား "ကြက်ကန်း ဆန်အိုးတိုးတာပါကွာ" ဟု မနာလိုသောစိတ်ထားဖြင့် ပြောဆိုသူ၏ သန္တာန်၌ဖြစ်သောစေတသိက်ကို တိကျစွာဖော်ပြ၍၊ ယင်းစေတသိက်နှင့် ယှဉ်တွဲ၍ ဖြစ်နိုင်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။
ဖြေ။ ။ ဣဿာ စေတသိက်ဖြစ်ပါသည်။ ယင်းစေတသိက်သည်
ဒေါသမူစိတ် ၂-ပါးနှင့်ယှဉ်တွဲဖြစ်ပါသည်။

၈။ "စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ" ဟု ပြောဆိုနေကြသော အဘိဓမ္မာ အသိမဲ့ကြား အချို့သော သူ များ၏စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့်ကင်း၍ ဖြစ်နိုင်သော စိတ်တို့ကို အတိတကျ ရေတွက်ပြခဲ့ပါ။
ဖြေ။ ဝိတက်မယှဉ်သော ဒွေပဉ္စဝိညာဏ် ၁၀၊ ဒုတိယစျာန် ၁၁ ပါး၊ တတိယစျာန် ၁၁ ပါး၊ စတုတ္ထစျာန် ၁၁ ပါး၊ ပဥ္စမစျာန် ၂၃ ပါး ပေါင်း ၆၆ ပါးဖြစ်ပါသည်။

၉။ "မှသားမပါ လက်္ကာမချော" ဟုယူဆလျက် အခကြေးငွေယူ၍ မတရားသက်သေလိုက်မည်ဟု ကြံစည်ပြီး မှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သော စေတသိက်၊ ယင်းစေတသိက်၏ ယှဉ်နိုင်သောစိတ်သရုပ်တို့ကို အသီးသီး ဖြေဆိုပါ။
ဖြေ။ ။ သမ္မာအာဇီဝ ဝိရတီစေတသိက်ဖြစ်ပါသည်။
- မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါး ပေါင်း ၁၆ ပါးယှဉ်ပါသည်။

၁၀။ ကြက်သားစားလို၍ ကြက်သတ်ရန်ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်သော သူအား မည်သည် ဝိရတီ ဖြစ်သည်ကို တိကျစွာဖြေဆို၍၊ ၎င်းဝိရတီနှင့် ယှဉ်သောစိတ်တို့ကိုလည်းဖြေဆိုခဲ့ပါ။
ဖြေ။ ၉ နံပါတ်အဖြေနှင့် အတူတူဖြစ်သည်။